# အမှားမှသင်ခန်းစာယူခြင်း

ခ(၃) ကျောင်းသားများ၏သင်ယူမှုကိုအထောက်အကူပြုသော၊ဘေးကင်းလုံခြုံစိတ်ချမှုရှိသော ဝန်းကျင်ကိုဖန်တီးပေးခြင်း

ဂ(၁) ဆရာတစ်ယောက်အဖြစ်ပြုမူကျင့်ကြံခြင်း

အမှားဆိုတာသင်ယူမှုဖြစ်စဉ်၏ ပုံမှန်အစိတ်အပိုင်းများဖြစ်ကြပါတယ်။ဆရာနှင့်ကျောင်းသားနှစ်ဖက်စလုံးအတွက် သင်ယူရန် တိုးတက်နိုင်ရန်အခွင့်အရေးတစ်ခုဖြစ်ပါတယ်။ အမှားကိုရှောင်လွှဲနိုင်ရန် အဖြေတစ်ခုတည်းသာ ရှိသော လွယ်ကူသည့် မေးခွန်းများသာ မေးခြင်းမျိုးမပြုလုပ်သင့်ပါ။ ကျောင်းသားများအတွက် အမှားပြုလုပ်မည်ကို စိုးရွံ့မှုမရှိစေသော စာသင်ခန်းပုံစံမျိုး ဖန်တီးနိုင်ရန်ဂရုတစိုက် စဉ်းစားပြင်ဆင်သင့်သည်။ သင်၏သင်ကြားမှုပုံစံအား.........

"ကျောင်းသားတွေအမှား လုပ်တာ ဟာ အာရုံမစိုက်တဲ့သူတို့ရဲ့ အပြစ်"

"ကျောင်းသားတစ်ယောက် အမှားလုပ်တဲ့အခါ သူတို့ရဲ့ယုံကြည်မှုကိုကြိုးစားမြှင့်တင်ပေး။ ပြီးတော့ အဲ ဒီအမှားမှ တစ်ဆင့် အားလုံးကို သင်ခန်းစာယူစေ တယ်။

## အဖြေအားလုံးကိုပြန်လည်သုံးသပ်ပါ။

- အဖြေရွေးချယ်ရတဲ့မေးခွန်းမျိုး အတွက်အဖြေများ တင်ပြတဲ့အခါ အဖြေမှန်တင်မဟုတ်ဘဲ ပေးထားသောရွေးချယ်စရာအဖြေတွေအားလုံးကို ပြန်လည် သုံးသပ်ပါ။

**ဥပမာ။** ။ သချ်ာသင်ခန်းစာမှာ 8a x 2a = ?

a) 16 a

b) 16 $a^2$

c) 10 aa

d) 6 a

ကျောင်းသူဆာရာဖောမှအထက်ပါညီမျှခြင်းတွင် အဖြေ (a) ကိုရွေးချယ်ခဲ့ပါသည်။ထိုအခါဆရာမမှ"ဆာရာသမီး ဘယ်လိုတွက်လိုက်သလဲဆိုတာကိုဆရာမတို့အားလုံးကို ပြန်ရှင်းပြနိုင်မလား" ဟုပြောဆိုပြီးမှားယွင်းသော အဖြေအားလည်းပြန်လည်သုံး သပ်စေခဲ့ပါသည်။

## လက်ဖျောက်တီး၊လက်ခုပ်တီး ၊ လက်ဝါးရိုက်၊လက်မထောင်။

- ကျောင်းသားများမှအဖြေမှန်မရသော်လည်း၊ ခက်ခဲသောမေးခွန်းအား ကျောင်းသားတစ် ယောက်မှ ကြိုးစား၍ဖြေဆိုပြီးနောက်တွင် အားလုံးမှ လက်ခုပ်တီး၊ လက်ဖျောက်တီး၊ လက်ဝါးချင်းရိုက်ခြင်း (သို့)လက်မထောင်ခြင်း များပြုလုပ်သော စာသင်ခန်း အလေ့အထ တစ်ခုခုထားရှိပါ။
- ထိုသို့ပြုလုပ်ခြင်းဖြင့် ကျောင်းသားများ၏ ယုံကြည်မှုကို မြှင့် တင်ပါ။

**ဥပမာ။** ။"ဖော်ဖော်ကကြိုးစားပြီး မေးခွန်းရဲ့ ပထမတစ်ဝက်ကိုမှန်အောင် ဖြေနိုင်ခဲ့တယ်။ ကဲဖော်ဖော် အတွက်လက်ခုပ်တီးပေးကြရအောင်။"

## အဖြေကိုထိန်ချန်ထားပါ။

- သင့်အနေဖြင့်အဖြေမှန်အားမပြောပြခင် ကျောင်းသားများ ဘယ်လိုထင်သည်ကိုစဉ်းစား စေပြီး ပြောပြပါစေ။
- ကျောင်းသားများငှင်းတို့ကိုယ်တိုင် ဝေမျှခွင့်မရမချင်း အဖြေအား မပြောပြပါနှင့်။

**ဤသို့ပြုလုပ်ခြင်းဖြင့် ငှင်းတို့မည်မျှသင်ယူခဲ့ကြောင်း သိနိုင်ပေမည်။

**ဥပမာ။** ။"အဖွဲ့လိုက်မဆွေးနွေးခင်ဆရာမက အားလုံးကို ကိုယ့်ဘာသာ အရင်ကြိုးစားဖြေကြည့်စေချင်တယ်။ ပြီးမှ ဆရာမကလိုက်ပြီးတော့ မင်းတို့စာအုပ်တွေ ကြည့်ပြီး အကြံပေးမယ်နော်။"

## မြင်တွေ့တာကိုဘဲပြောပါ။

အတန်းထဲမှာ အမူအကျင့်ကောင်းတွေတွေ့ရင် ချီးကျူးအား ပေးပါ။

**ထိုသို့ပြုလုပ်ခြင်းဖြင့် သင်၏မျှော်မှန်းချက်ကိုအားပေး မြှင့်တင်ရာရောက်သည်။

**ဥပမာ။** ။"မိုးခိုင်ကခက်ခဲတဲ့မေးခွန်းကိုကြိုးစားဖြေဖို့သူ့ရဲ့ သူငယ်ချင်းတွေကိုအကူအညီတောင်းနေတာ ဆရာမတွေ့ရတယ်။ တော်တယ်နော် မိုးခိုင်။

## အလေ့အထကို နမူနာပြလုပ်ဆောင်ခြင်း။

- သင့်အနေဖြင့် သင်၏စာသင်ခန်း ဓလေ့များကိုနမူနာပြ ဆောင်ရွက်ရမည်။
- ကျောင်းသားတစ်ယောက်ယောက်မှ ကြိုးစားပြီး လုပ်ဆောင်သော်လည်း မအောင်မြင်သောအခါ အခြားကျောင်းသားများမှ လှောင်ရယ်ခြင်း (သို့) ထိုကျောင်းသားအပေါ် အထင်အမြင်သေးခြင်း မျိုးပြုလုပ်လျှင် စာသင်ကြားခြင်းကိုရပ်တန့်ပြီး အမှားဆိုတာ သင်ယူတဲ့နေရာမှာ အရေးကြီးကြောင်း အားပေးပြောဆိုရမည်။

**ဥပမာ။** ။"လူတိုင်းအမှားလုပ်မိမှာဘဲ။ ကြိုးစားပြီးဖြေတဲ့ ဆမ်ဆမ် ကို မရီရဘူးနော်။
သူကအကောင်းဆုံးကြိုးစားအားထုတ်ထားတယ်။
သူ့ဆီကနေဆရာမတို့ဘာတွေ သင်ယူလို့ရမလဲ၊
ဘယ်သူကူညီပေးမလဲ။"

## မှားသွားတာကို ပုံမှန်လို့ဘဲ သဘောထား။

**သင်၏ကျောင်းသားများသက်တောင့်သက်သာနှင့်အမှားလုပ်ခြင်းကိုမကြောက်ရွံ့စေနိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ အားပေးခြင်းပင်ဖြစ်သည်။

- ကျောင်းသားများ အားမေးခွန်းအသစ်များနှင့် ခက်ခဲသော မေးခွန်းများအား ကြိုးစား၍ ဖြေဆိုနိုင်ရန်အားပေးပါ။
- ၎င်းတို့အနေဖြင့်ရာနှုန်းပြည့်မှန်ကြောင်း မသေချာသော်လည်း ဖြေဆိုရန်အားပေးပါ။

**ဥပမာ။** ။"ဒီမေးခွန်းကအသစ်ဖြစ်ပြီးခက်ခဲတာကိုသိတယ် ဒါပေမယ့် အားလုံးကိုဆရာမက ကြိုးစားစေချင်တယ် မှားရင်လည်းကိစ္စမရှိဘူး ဒီလိုဘဲငါတို့သင်ယူရမယ်။"

## သင်၏တုံ့ ပြန်မှုကိုထိန်းချုပ်ပါ။

**သင့်အနေနဲ့ကျောင်းသားတွေရဲ့ဖြေဆိုပုံ မှန်တာ၊ မှားတာပေါ်မူတည်ပြီး မတူညီစွာတုံ့ ပြန်လေ့ရှိသလား။
သင့်အနေနဲ့ကျောင်းသားတွေအမှားလုပ်မိရင် သက်တောင့်သက်သာ ဖြစ်နေစေဖို့ ကျောင်းသားများမှမှန်သည် ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ အသံနေအသံထားကို တစ်ပြေးညီဘဲထားပါ။

**ဥပမာ။** ။ကျောင်းသားမှအဖြေမှန်ပြောသောအခါ_ "သမီးရဲ့အားထုတ်ဖြေဆိုမှုအတွက်ကျေးဇူး တင်ပါတယ် မိနီနီရေ။ "
ကျောင်းသားမှမမှန်ကန်သောအဖြေပြောသောအခါ _ "ကြိုးစားတာတော်တယ်နော် မိနီနီ။ အခုသမီးရဲ့အဖြေကို ဒီထက်ပိုကောင်းအောင်ဘယ်လိုလုပ်လို့ရသေးလဲ။"





## မင်းပြောကြည့်ပါလား။

- ကျောင်းသားတွေကို စာပိုဒ်တစ်ခုပေးဖတ်ပြီးတော့ ဒီစာပိုဒ်ရဲ့ဆိုလိုရင်းနဲ့ ပတ်သက်ပြီး ကျောင်း သား တွေရဲ့အမြင်ကိုတင်ပြခိုင်းပါ။
- အဖြေမှန်ဆိုတာ အမြဲတန်းဆရာမဆီကလာစရာမလိုပါဘူး။ ကျောင်းသားတွေရဲ့ အထင်အမြင်တွေ ကိုမေးတဲ့မေးခွန်းမျိုးဆိုလျှင် ကိုယ်ဘာကြောင့်ဒီလိုထင်တယ်ဆိုတဲ့ အကြောင်းပြချက်ကို ဖော်ပြပေးနိုင်သရွေ့ အဖြေကမှန်တယ် မမှန်ဘူး တစ်မျိုးတည်းရှိတာမဟုတ်ကြောင်း ဦးစားပေးပြောဆိုပေးပါ။

**ဥပမာ။** ။"ဟုတ်ပြီ။ အားလုံးပုံပြင်ကိုဖတ်လို့ပြီးကြပြီလား။
ဒါဆိုဆရာမတို့အဓိပ္ပါယ်ကိုနားလည်အောင်ကြည့်ကြရအောင်။
ဒီပုံပြင်ရဲ့အဓိကဆိုလိုရင်း ကိုဘယ်သူပြောနိုင်သလဲ။
သမီး/သားက ဘယ်လိုအကြောင်းကြောင့် ဒီလိုမျိုး ကောက်ချက်ချလိုက်တာလဲ။"

## ဆရာလည်းမှားတတ်တယ်။

**ကျောင်းသားတွေရှေ့မှာသင်အမှားလုပ်မိတဲ့အခါ ဘာလုပ်လဲ။ အဲ့ဒီအမှားကို လျစ်လျူရှုလိုက်သလား၊ ဘာမှမဖြစ်ခဲ့သလို ဟန်ဆောင်လိုက်သလား၊ ကြိုးစားပြီး အမှားနည်းအောင်ပြုလုပ်လိုက်သလား။ ကျောင်းသားတွေက သင်၏လုပ်ရပ်ကို အတုခိုးပါလိမ့်မယ်။

- ဆရာ့အနေဖြင့် အမှားလုပ်မိတဲ့အခါအဲ့အမှားကို သင်ရောသင့်ကျောင်းသားတွေရော သင်ယူနိုင်အောင် အသုံးချပါ။

**ဥပမာ။** ။"အခုဆရာမသင်ပုန်းပေါ်မှာ အမှားတစ်ခုလုပ်ခဲ့မိတယ်။ တစ်ယောက် လောက်ကဆရာမကို ကူရှာပြီးပြင်ပေးမလား၊ (သို့)
နိုင်ဦးကဆရာမအဖြေထဲက အမှားတစ်ခုရှာတွေ့သွားတယ်။
ဆရာမကအဲ့ဒီလိုမစဉ်းစားမိခဲ့ဘူး။ ရှာတွေ့တဲ့ အတွက်ကျေးဇူးတင်ပါတယ် နိုင်ဦးရေ။
အခြားသူတွေထဲကရောမတူညီတဲ့ နည်းလမ်းသုံးပြီး ဖြေရှင်းခဲ့တာရှိသေးလား။"

## မေးခွန်းမေးခြင်း နည်းစနစ်

- သင့်ရဲ့မေးခွန်းကို ဘယ်သူ့ ကိုဖြေခိုင်းမလဲဆိုတာရွေးချယ်ပါ။
- ဆရာဟာ ၄င်းတို့ကိုအများရှေ့မှာ အရှက်ရအောင်၊ မျက်နှာပျက်အောင် မလုပ်ဆောင် ဘူးဆိုသည်ကို ကျောင်းသားတွေအနေနဲ့ ယုံကြည်နိုင်ပါစေ။
- ကျောင်းသားတစ်ယောက်က အဖြေကိုရဖို့ခက်ခဲစွာ ကြိုးစားနေရပြီဆိုသည်ကို သိလိုက်လျှင် အခြားကျောင်းသားတွေမသိသွားပါစေနှင့်အဲ့ဒီ အစား ထိုကျောင်းသားအား ကူညီနိုင်ရန် အတူတူပူးပေါင်း လုပ်ဆောင်ပါ။

**ဥပမာ။** ။"မောင်အောင်ဇော်ရေ ဒီမေးခွန်းကတော့သားအတွက်နည်းနည်းတော့ခက်လိမ့်မယ်ဆိုတာ ဆရာသိပါတယ်... ဒါကြောင့်ဒီအဖြေကိုရဖို့ သင်းသင်းနဲ့ သီဟတို့က ဝိုင်းကူပေးရမယ် နော်...တကယ်လို့ လုံးဝနားမလည်တဲ့အကြောင်းအရာတွေရှိရင်ဆရာမကိုမေးလို့ ရတယ်နော်"။


cc BY NC SA